**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ

# (Standard Operation Procedure - SOP)

## နိဒါန်း

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးရှိ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှု ပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် အဂတိလိုက်စားမှုဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရန်ဖြစ် ပါသည်။

## ရည်ရွယ်ချက်

၂။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၏အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လိုက်နာခြင်း သာမကကောင်းမွန်သော ကိုယ်ကျင့်တရား/ကျင့်ဝတ်သိက္ခာများကို လိုက်နာဆောင်ရွက် စေရန်၊

(ခ) တာဝန်ဝတ္တရားများကိုတည်မြဲလုပ်ထုံးလုပ်နည်းများနှင့်အညီ သမာသမတ်ကျစွာထမ်း ဆောင်ခြင်းဖြင့် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်၌ ရင်းနှီးမြှုပ်နှံမည့် အများ ပြည်သူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် တည်မြဲလုပ်ထုံးလုပ်နည်းများ အများပြည်သူက သိရှိနားလည်စေခြင်းဖြင့် ယုံကြည်စိတ်ချမှု တိုးတက်စေရန်၊

(ဃ) လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ရာတွင် ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု မရှိဘဲ တရား မျှတစွာ ဆောင်ရွက်ပေးခြင်းအားဖြင့် ကတိကဝတ်ခိုင်မာသော နိုင်ငံ့ဝန်ထမ်းကဏ္ဍ ဖြစ်ပေါ်လာစေရန်၊

(င) ဝန်ထမ်းများသည် မိမိအား ပေးအပ်ထားသည့် တာဝန်နှင့်ဝတ္တရားများကို ထမ်းဆောင် ရာ၌ ပြည်သူနှင့်ဆက်ဆံရာတွင်ဖြစ်စေ၊ အဖွဲ့အစည်းအတွင်းနှင့် အဖွဲ့အစည်းအချင်း ချင်း ဆက်ဆံရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ဖြစ်စေ၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထက်မြက်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သစ္စာရှိမှု၊ ယုံကြည်အားထားရမှု၊ သမာ

သမတ်ကျမှု၊ ဆက်ဆံရေးပြေပြစ်မှုနှင့် အဂတိကင်းရှင်းမှုတို့ ရှိခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ အဆင့်အတန်းမြင့်မားလာစေရန်၊

(စ) တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် ဂုဏ်သိက္ခာနှင့်အညီ ရိုးသားမှန်ကန်ဖြောင့်မတ်စွာ ဆောင်ရွက်နိုင်ရန်အတွက် စံပြုလုပ်ထုံးလုပ်နည်းအဖြစ်အသုံးပြုရန်၊

(ဆ) အရင်းအနှီးဈေးကွက်တွင် ပါဝင်သူများအား စည်းမျဉ်းစည်းကမ်းများဖြင့် စနစ်တကျ ကွပ်ကဲထိန်းကျောင်းနိုင်ရန်၊

(ဇ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများရိုးသားဖြောင့်မတ်၍ ဂုဏ်သိက္ခာရှိစွာတာဝန် ထမ်းဆောင်နိုင်စေရန်။

**အများပြည်သူနှင့် ထိတွေ့ဆက်ဆံလျက်ရှိသည့် လုပ်ငန်းများ**

၃။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေဖြင့် အများပြည်သူနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါဆိုင်ရာကိစ္စရပ်များ၊

(ခ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းများ၊

(ဂ) အများပြည်သူသို့ အစုရှယ်ယာသစ်များကမ်းလှမ်းရောင်းချခွင့် အတည်ပြုချက်ထုတ်ပေးခြင်းများ၊

(ဃ) အိပ်ချိန်းခွင့်ပြုမိန့်၊ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း။

**အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု(Corruption Risk-C.R) ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ**

၄။ ရုံးလုပ်ငန်းဆိုင်ရာများဆောင်ရွက်ရာတွင်ဝန်ထမ်းများအနေဖြင့် အောက်ဖော်ပြပါအခြေအနေများတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု (Corruption Risk-C.R) ဖြစ်ပေါ်လာနိုင်ပါသည်-

(က) တာဝန်အရ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့်လုပ်ငန်းဝန်ဆောင်မှုအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း၊

(ခ) အခြားဝန်ထမ်းတစ်ဦးအား အမှုကိစ္စတစ်ရပ်ကို ပြုလုပ်ပေးစေရန် သို့မဟုတ် တာဝန်အရ ပြုလုပ်ရမည့်အလုပ်ကို မပြုလုပ်စေရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့် တစ်ခုခုဖြင့် မတ်လုံးပေးခြင်း၊

(ဂ) မိမိကဖြစ်စေ၊ အခြားဝန်ထမ်းတစ်ဦးကဖြစ်စေ အမှုကိစ္စတစ်ခုကို မတရားသောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း၊

(ဃ) ဥပဒေနှင့်ဆန့်ကျင်သော သို့မဟုတ် ကျင့်ဝတ်သိက္ခာနှင့်မညီသော ပြင်ပသြဇာလွှမ်းမိုးမှု သို့မဟုတ် ဌာနဆိုင်ရာဝန်ထမ်းအပေါ်ဖိအားပေးခြင်း၊

(င) တရားနည်းလမ်းနှင့် ဆန့်ကျင်သောအကျိုးခံစားခွင့်များကိုအမှုကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်သူထံမှသာမက ထိုကိစ္စနှင့်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်နှင့်ဖြစ်စေ ပတ်သက်နေသူများထံမှ ငွေကြေးအပါအဝင်အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း၊

(စ) လုပ်ငန်းနှင့်ပတ်သက်သည့် ငွေ သို့မဟုတ် ပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို အလွဲသုံးစားမှုပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဆ) ဥပဒေအကျိုးသက်ရောက်မှု အားနည်းခြင်း၊ ပွင့်လင်းမြင်သာသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ထားမှု မရှိခြင်း၊

(ဇ) ခွင့်ပြုမိန့်၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ငွေကြေးအပါအဝင်အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ရယူခြင်း၊လက်ခံရန်သဘောတူခြင်း။

(ဈ) ပုဂ္ဂလိကအကျိုးစီးပွားအတွက် အများပြည်သူဆိုင်ရာ ဘဏ္ဍာရန်ပုံငွေကို အလွဲသုံးစားပြုခြင်း၊

(ည) ဥပဒေနှင့် ဆန့်ကျင်သော သို့မဟုတ် ကျင့်ဝတ်သိက္ခာ နှင့် မညီသော ပြင်ပသြဇာ လွှမ်းမိုးမှု သို့မဟုတ်ဌာနဆိုင်ရာဝန်ထမ်းအပေါ်ဖိအားပေးခြင်းနှင့်အကျိုးစီးပွားပဋိပက္ခဖြစ်မှုများရှိနေခြင်း၊

(ဋ) ဌာနဆိုင်ရာထုတ်ပြန်ထားသောလုပ်ထုံးလုပ်နည်းများအားပြည်သူများမှ အလွယ်တကူ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် ဝန်ဆောင်မှုရယူရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်အား ပွင့်လင်းမြင်သာမှု မရှိခြင်း။

**အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဝန်ထမ်းများလိုက်နာရမည့် အချက်များ**

၅။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေဖြင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် အောက်ပါအချက်များကို လိုက်နာရမည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဂ) ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးရမည်၊

(ဃ) လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်းမပြုရ၊

(င) တာဝန်အရထမ်းဆောင်ရသည့် လုပ်ငန်းတာဝန် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်းဝန်ဆောင်မှုအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့် တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း မပြုရ၊

(စ) မိမိကဖြစ်စေ၊ အခြားဝန်ထမ်းတစ်ဦးကဖြစ်စေ၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူက ဖြစ်စေအမှုကိစ္စတစ်ခုကို မတရားသောနည်းလမ်းဖြင့်ဆောင်ရွက်ပေးရန်အတွက် ငွေကြေး အပါအဝင်အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း မပြုရ၊

(ဆ) တရားနည်းလမ်းနှင့် ဆန့်ကျင်သော အကျိုးခံစားခွင့်များကို အမှုကိစ္စနှင့် တိုက်ရိုက် သက်ဆိုင်သူထံမှသာမက ထိုကိစ္စနှင့်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်နှင့်ဖြစ်စေ ပတ်သက်နေသူများ ထံမှ အကျိုးခံစားခွင့်တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း မပြုရ၊

(ဇ) လုပ်ငန်းနှင့်ပတ်သက်သည့် ငွေ သို့မဟုတ် ပစ္စည်းကို အလွဲသုံးစားပြုလုပ်ခြင်း၊ ထိုသို့ ပြုလုပ်ရန်အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမပြုရ။

(ဈ) ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက်စောင့်ထိန်းလိုက်နာရန် သတ်မှတ် ထားသည့် အခြားကျင့်ဝတ်နှင့်စည်းကမ်းများကို ဖောက်ဖျက်ခြင်းမပြုရ။

**အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဝန်ဆောင်မှုရယူသည့် ပြည်သူများသိရှိ လိုက်နာရန် အချက်များ**

၆။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးသို့ ဝန်ဆောင်မှုလာရောက် ရယူသည့် ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို သိရှိလိုက်နာရန် လိုအပ်မည်ဖြစ်ပါသည်-

(က) ဝန်ဆောင်မှုရယူသည့် လုပ်ငန်းအခြေအနေပေါ်မူတည်၍ အချို့လုပ်ငန်းများသည် ချက်ချင်းဆောင်ရွက်၍မရနိုင်ဘဲ ကော်မရှင်အစည်းအဝေး၏ သဘောတူခွင့်ပြု ချက်ဖြင့် ဆောင်ရွက်ရခြင်းကြောင့် လုံလောက်သည့် အချိန်ရှိရမည်ကို သိရှိနားလည် ရမည်၊

(ခ) မိမိဆောင်ရွက်လိုသည့်ကိစ္စ မြန်ဆန်လွယ်ကူစွာ ရရှိနိုင်ရေးအတွက် ဝန်ထမ်းများအား အခကြေးငွေပေး၍ သို့မဟုတ် လက်ဆောင်ပစ္စည်းပေး၍စေခိုင်းခြင်း သို့မဟုတ် တစ်စုံ တစ်ဦးအား စေခိုင်းစေခြင်းမပြုလုပ်ရ၊

(ဂ) ဝန်ဆောင်မှုရယူရာတွင် နှေင့်နှေးကြန့်ကြာမှုများမဖြစ်စေရန် ဌာနမှ သတ်မှတ်ပြဌာန်း ထားသည့် အထောက်အထား၊ စာရွက်စာတမ်းပြည့်စုံမှန်ကန်မှုရှိရန် လိုအပ်ပါသည်၊

(ဃ) တာဝန်အရဆောင်ရွက်ရသည့် လုပ်ငန်းတာဝန် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်း ဝန်ဆောင်မှုအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့် တစ်ခုခုကို သက်ဆိုင်ရာ ဝန်ထမ်းသို့ ပေးအပ်ခြင်းမပြုလုပ်ရ၊

(င) ဥပဒေနှင့်ဆန့်ကျင်သော ကျင့်ဝတ်သိက္ခာနှင့်မညီသော၊ ပြင်ပသြဇာလွှမ်းမိုးမှု သို့မဟုတ် ဌာနဆိုင်ရာဝန်ထမ်းအပေါ် ဖိအားပေးခြင်း မပြုလုပ်ရ၊

(စ) ဝန်ဆောင်မှုရယူရာတွင် ကျေနပ်မှုမရှိပါက ပစ်စာရေးသားခြင်းမပြုဘဲ ကော်မရှင်ရုံးသို့ တိုင်ကြားလိုသည့် အကြောင်းအရာ၊ မိမိ၏အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြ၍ Website, Complaint Box တို့မှတစ်ဆင့် ပေးပို့တိုင်ကြားနိုင်သည်၊

(ဆ) အကြံပြုလိုသည်များရှိပါက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံးရှိ အကြံပြုစာတိုက်ပုံးသို့ လာရောက်ထည့်သွင်း အကြံပြုနိုင်ပါသည်။ e-mail မှတစ်ဆင့် အကြံပြု/တိုင်ကြားလိုပါက အပိုဒ်(၇)ပါလိပ်စာသို့ အကြံပြု/တိုင်ကြားနိုင်ပါသည်၊

(ဇ) ပြည်သူများအနေဖြင့် ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ရာတွင် လာဘ်ယူသူများသာမက လာဘ်ပေးသူများလည်း အရေးယူခံရနိုင်ကြောင်း သိရှိရပါမည်။

**ပြည်သူလူထုမှ သတင်းပေးတိုင်ကြားနိုင်သည့် စနစ်များ**

၇။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ ဝန်ဆောင်မှုလာရောက်ရယူသည့် ပြည်သူများအနေဖြင့် ကျေနပ်မှုတစ်စုံတစ်ရာမရှိပါက အောက်ပါအတိုင်း တိုင်ကြားစာပေးပို့ တိုင်ကြားနိုင်ပါသည်-

(က) စာတိုက်ပုံးထားရှိမှု အခြေအနေ

| စဉ် | တည်နေရာ | ဌာန |
|---|---|---|
| ၁ | အမှတ်၊၂၁/၂၅၊ ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး(ဒုတိယထပ်) |

(ခ) Website တည်ထောင်ထားရှိမှုအခြေအနေ

| စဉ် | Website |
|---|---|
| ၁ | www.secm.gov.mm |

(ဂ) E-mail ထားရှိမှုအခြေအနေ

| စဉ် | သတင်းပို့တိုင်ကြားနိုင်သည့် တာဝန်ခံအမည်များ | ဌာန/ဌာနခွဲ | E-mail |
|---|---|---|---|
| ၁<br>၂ | ဒေါ်မိုးမိုးသန်း၊ ဒုတိယညွှန်ကြားရေးမှူး<br>ဦးဖြိုးမောင်မောင်၊ဒုတိယညွှန်ကြားရေးမှူး | စီမံရေးရာ | secm.myanmar@gmail.com |

**တိုင်ကြားစာများအား မှတ်ပုံတင်ခြင်း၊ စိစစ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း**

၈။ တိုင်ကြားစာတစ်စောင်လက်ခံရရှိလျှင် အရေးယူဆောင်ရွက်နိုင်ရန်အတွက် တိုင်ကြားစာ လက်ခံရရှိမှု မှတ်ပုံတင်ရေးသွင်းပြီး အောက်ပါအကြောင်းအရာအလိုက် စိစစ်ဆောင်ရွက်မည်ဖြစ် ပါသည်-

(က) အဂတိလိုက်စားကြောင်း ဖော်ပြတိုင်တန်းခြင်း၊

(ခ) ဌာနတွင်း မမှန်မကန်၊ မမျှတသော လုပ်ဆောင်မှုအပေါ် တိုင်တန်းခြင်း၊

(ဂ) အမှုထမ်း၊ အရာထမ်းများ၏ ဆက်ဆံရေးအားနည်းမှုအပေါ် တိုင်တန်းခြင်း၊

(ဃ) ပုဂ္ဂလိကအခွင့်အရေး ရလိုမှုအပေါ် တိုင်တန်းခြင်း။

**တိုင်စာအမျိုးအစားများ**

၉။ တိုင်ကြားစာများနှင့်ပတ်သက်၍ တိုင်စာအမျိုးအစားများအား အောက်ပါအတိုင်း ခွဲခြား ဆောင်ရွက်ပါမည်-

(က) ဆက်လက်အရေးယူဆောင်ရွက်သင့်သော တိုင်စာ၊

(ခ) မိမိတို့ဌာနနှင့်သက်ဆိုင်ခြင်းမရှိသော တိုင်စာ၊

(ဂ) မိတ္တူပေးပို့သော တိုင်စာ၊

(ဃ) လက်မှတ်ရေးထိုးခြင်းမရှိသည့်အပြင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ မပါရှိ၍ ဆက်သွယ်၍ မရရှိသော ပစ်စာ၊

(င) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့လွှဲပြောင်းပေးပို့သင့်သည့် တိုင်ကြားစာ၊

(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ လွှဲပြောင်းပေးပို့လာသည့် တိုင်ကြားစာ။

**တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်ခြင်း**

၁၀။ တိုင်ကြားစာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အရေးယူဆောင်ရွက်သွားပါမည်-

(က) တိုင်ကြားသည့်ဖြစ်စဉ် မှန်ကန်မှု ရှိ/မရှိ ပေါ်ပေါက်စေရေး ရှေးဦးစုံစမ်းအဖွဲ့ (P.E) ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမေးမြန်းခြင်း၊

(ခ) ဖြစ်စဉ်မှန်ကန်မှုရှိပါက ဝန်ထမ်းအား ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ (D.E) ဖွဲ့စည်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်း၊

(ဂ) ဆက်လက်အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသော တိုင်စာများအပေါ်တွင်လည်း မည်သည့် အတွက်ကြောင့်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း အကျိုးအကြောင်းဖော်ပြ၍ တိုင်တန်း သူထံ ပြန်ကြားခြင်း၊

(ဃ) တိုင်ကြားစာမှာ မိမိတို့ဌာနနှင့် သက်ဆိုင်ခြင်း မရှိသော်လည်း အခြားဌာနများမှ ဆက်လက်ဆောင်ရွက်သင့်သော တိုင်စာများကိုလည်း လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးပို့ခြင်း၊

(င) တိုင်ကြားစာအရ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး တိုင်းတန်းခံရသူ၏ နေအိမ်အဆောက်အဦအတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရန်လိုအပ်ခြင်း၊ ပစ္စည်းရှာဖွေသိမ်းဆည်းရန် လိုအပ်ခြင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စများ ပါဝင်ကြောင်း တွေ့ရှိရပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားစာ လွှဲပြောင်းပေးပို့ခြင်း၊

(စ) တိုင်ကြားစာကို စိစစ်လက်ခံစစ်ဆေး၍ မမှန်မကန်တိုင်ကြားမှုဖြစ်ကြောင်း စိစစ်တွေ့ရှိပါက တိုင်းကြားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက တည်ဆဲဥပဒေအရ စစ်ဆေးအရေးယူခြင်းနှင့် ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေစည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးအရေးယူခြင်း။

**တိုင်ကြားစာနှင့် ပတ်သက်၍ ဌာနဆိုင်ရာအရေးယူခြင်း**

၁၁။ တိုင်ကြားစာနှင့်ပတ်သက်၍ ဝန်ထမ်း၏ ပြုလုပ်မှု၊ ဝန်ထမ်းကျင့်ဝတ် ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှု၊ တာဝန်ပျက်ကွက်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ အရေးယူရန်ရှိပါက ဥပဒေကြောင်းအရ အရေးယူရမည့် အမှုကိစ္စ သို့မဟုတ် ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးအရ ဌာနဆိုင်ရာ အရေးယူသင့်သည့် အမှုကိစ္စ သို့မဟုတ် ဥပဒေကြောင်းအရ အရေးယူရမည့်အပြင် ဌာနဆိုင်ရာအရေးယူရန်လည်း တစ်ပြိုင်တည်း ပူးတွဲအရေးယူရန် လိုအပ်သည့် အမှုကိစ္စစသည်ကို ရှေးဦးစွာဆုံးဖြတ်ပြီး ဥပဒေကြောင်းအရ အရေးယူရမည့် အမှုကိစ္စဖြစ်ပါက သက်ဆိုင်ရာဥပဒေအရ အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်ပါမည်။ ဌာနဆိုင်ရာအရေးယူရမည့်အမှုကိစ္စဖြစ်ပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်။

၁၂။ တိုင်ကြားစာအရ တိုင်ကြားခြင်းခံရသည့်ဝန်ထမ်းကို ဌာနဆိုင်ရာ အရေးယူနိုင်လောက်သည့် အခြေအမြစ်ရှိ/မရှိစိစစ်ရန်၊ အမှုကိစ္စနှင့်စပ်လျဉ်း၍ မရှင်းလင်းသည့် အချက်များကို ဖော်ထုတ်ရှင်းလင်းရန်၊ ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ပါက သက်သေထူရမည့် အထောက်အထားများကို ရှာဖွေစုဆောင်းရန် မည်သူ့တွင်တာဝန်ရှိသည်ကို ဖော်ထုတ်နိုင်ရန်အတွက် ရှေးဦးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပါမည်။

၁၃။ ရှေးဦးစုံစမ်းရာတွင် တွေ့ရှိရသည့် အချက်များအရ တိုင်ကြားခံရသည့်ဝန်ထမ်းကို စွဲချက်တင်နိုင်ရန်လုံလောက်သော အချက်အလက် သို့မဟုတ် အထောက်အထားများ ထင်ရှားပေါ်ပေါက်ပါက ဌာနဆိုင်ရာစစ်ဆေးရန် အမှုဖွင့်၍ စစ်ဆေးကြားနာခြင်း ဆောင်ရွက်ပါမည်။

၁၄။ တိုင်ကြားစာနှင့်ပတ်သက်၍ ရှေးဦးစုံစမ်းမှု သို့မဟုတ် ဌာနဆိုင်ရာ အရေးယူမှုများတွင် တိုင်ကြားခံရသည့် ဝန်ထမ်းများတွင်အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီအောက်ပါ အပြစ်ဒဏ်တစ်မျိုးမျိုး ချမှတ်အရေးယူမည်ဖြစ်ပါသည်-

(က) စာဖြင့်သတိပေးခြင်း၊

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊

(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊

(င) ရာထူးအဆင့်လျှော့ခြင်း၊

(စ) ဆုံးရှုံးမှုတန်ဖိုးကိုပေးလျော်စေခြင်း၊

(ဆ) တာဝန်မှယာယီရပ်ဆိုင်းသည့်ကာလအတွင်း တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊

(ဇ) ရာထူးမှထုတ်ပယ်ခြင်း၊

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း။

**အထွေထွေ**

၁၅။ အဂတိလိုက်စားမှုကို အကြမ်းအားဖြင့် အကြီးစားအဂတိလိုက်စားမှု (Grand Corruption) နှင့် အသေးစားအဂတိလိုက်စားမှု (Petty Corruption) ဟူ၍ နှစ်မျိုးတွေ့ရှိရပြီး အကြီးစားအဂတိလိုက်စားမှု ဆိုသည်မှာ နိုင်ငံတော်၏ ဘဏ္ဍာငွေများကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းနှင့် အလွဲသုံးစားပြုလုပ်ပြီး လာဘ်ပေးလာဘ်ယူမှုများကို ကျယ်ပြန့်စွာ ဆောင်ရွက်နေသည့် ကိစ္စများဖြစ်ပါသည်။ အသေးစား အဂတိလိုက်စားမှုဆိုသည်မှာ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေသော ဌာန/အဖွဲ့အစည်း/ လုပ်ငန်းများတွင် အဖြစ်များပြီး အထူးသဖြင့် မြို့နယ်ရုံးများတွင်ငွေကြေးပမာဏနည်းပါးသည့် လာဘ်ပေး လာဘ်ယူမှုနှင့် ဆက်ဆံရေးပြေလည်မှု မရှိခြင်းများ၊ ဝန်ဆောင်မှုရယူရာတွင် အခက်အခဲဖြစ်ပေါ်ခြင်းများ အများဆုံးဖြစ်ပွားလေ့ရှိသောကိစ္စများဖြစ်ပါသည်။

၁၆။ ဝန်ထမ်းများအနေဖြင့် အကြီးစားအဂတိလိုက်စားမှုများ ဖြစ်ပွားပေါ်ပေါက်ပါက အဂတိလိုက်စား မှုတိုက်ဖျက်ရေးဥပဒေအရ ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ပြီး အသေးစားအဂတိလိုက်စားမှု များဖြစ်ပွားပေါ်ပေါက်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

၁၇။ အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရန်အတွက် လုပ်ငန်းလမ်းညွှန်များ (Terms of Reference - TOR) ရေးဆွဲခြင်း၊ လုပ်ထုံးလုပ်နည်း (Standing Operating Procedures - SOP)များ ရေးဆွဲခြင်း၊ ဖြစ်ပေါ်လာနိုင်သော အဂတိလုက်စားမှုများကို ဆန်းစစ်ခြင်း(Corruption Risk Assessment - CRA) လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသောစီးပွားရေးလုပ်ငန်းများကို ကျင့်ဝတ်(Code of Conduct- COC) ရေးဆွဲစေပြီး လိုက်နာမှုမရှိသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ ဆက်ဆံဆောင်ရွက်မှုမပြုခြင်း၊ ဝန်ထမ်းများအား အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ သင်တန်းများ

ပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပြည်သူလူထုထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme- PFP) အား အသုံးပြုခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**နိဂုံး**

၁၈။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ ရေးဆွဲထုတ်ပြန်ထားသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများအပေါ် ဝန်ထမ်းများနှင့် ပြည်သူများမှ သိရှိလိုက်နာစောင့်ထိန်းခြင်းဖြင့် အဂတိလိုက်စားမှုများပပျောက်ပြီး ဌာနဆိုင်ရာ/အဖွဲ့အစည်း/လုပ်ငန်းများနှင့် ဝန်ထမ်းများအပေါ် ပြည်သူများက ယုံကြည်အားထားမှုပိုမိုရရှိစေမည့် အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝသာယာဝပြောရေးတို့ကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ရက်စွဲ၊ ၁၂ - ၉ - ၂၀၂၄